# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၃၇ ရက်မြောက်နေ့ အစီအစဉ်
# [ ၂–၄–၂၀၁၅ ] ( ကြာသပတေးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သမဝါယမဝန်ကြီးဌာနမှ ပြည်သူများသို့ တရုတ်နိုင်ငံ ချေးငွေများ EXIM BANK ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေကာလ(၆)လအစား (၁)နှစ်အထိ တိုးမြှင့်သတ်မှတ်ပေး၍ အတိုးနှုန်း(၄)ကျပ်နှင့် (၁၈)ကျပ်များစွာ ကွာဟနေခြင်းကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ညောင်ဦးမြို့နယ်၊ လက်ထုတ်ကျေးရွာအုပ်စုနယ်မြေတွင် ဝက်သကြ၊ ကွင်းအမှတ် (၁၃၂၉)နှင့် အင်ပင်ကန်၊ ကွင်းအမှတ်(၁၃၃၀)တို့အတွင်းရှိ မြေဧက (၅၅၁) ဧကကို သမဝါယမအသင်းမှ ကြက်ဆူစိုက်ပျိုးမြေအဖြစ် သတ်မှတ်၍ သိမ်းယူစိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှု မရှိ၍ မူလပိုင်ရှင်များက ပြန်လိုချင်ကြောင်း တင်ပြလာခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းစုမှ ပိုင်ဆိုင်ခဲ့သော ပုဂ်ဟိုတယ်အား ပုဂ္ဂလိကပိုင် အဖြစ်သို့ ပြောင်းလဲပါက မည်သည့်ဘောင်နှင့် ပွင့်လင်းမြင်သာစွာ ပြောင်းလဲရောင်းချခဲ့သည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဦးကျော်နိုင်ဌေး၊ အင်းတော် မဲဆန္ဒနယ်က **"မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄ ) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း၊

၁၁။ **"မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၂။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၃။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။